မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___ Volume 17 / Issue 7 / July /2024*



## ငြိမ်းချမ်းရေးသို့

ခရစ်ယာန်လူငယ် .. မောင်မယ်များတို့
မကြုံစဘူး အခွင့်ထူးကြီးသည်
သင့်ရှေ့မှောက်သို့ ယနေ့ပင် ကျရောက်၍ နေပေပြီ။

စူးရှသော သင်၏အာရုံ
လောကသားတို့ ကျယ်လောင်စွာ တောင့်တနေသံကို သုံးသပ်ပါလော့။
ဆာလောင် မွတ်သိပ်စွာဖြင့် ငြိမ်းချမ်းရေးကို တောင့်တသံတို့သည် မိုးအောက်မြေပြင်တွင်၊
ကမ္ဘာတစ်စွန်းမှ တစ်စွန်းသို့ ပဲ့တင်ထပ်ခါ မရပ်မနား လူးလာပျံသန်းနေ၏။

သို့ဆိုလိုက်လျှင်၊
သင် .. ဆီးကပ်ကိုးကွယ်ရာ ကားတိုင်တော်တရားကို
သင် .. ချက်ခြင်း သတိရပေလိမ့်မည်။

မှန်ပါပေ၏။
နေ့ရက်အချိန်ညောင်း၍၊ ကမ္ဘာအသွင်ပြောင်းခဲ့သော်လည်း၊ ထာဝရအမြဲ သစ်လွင်၍၊
ပြောင်းလဲခြင်းမရှိ၊ ပကတိတည်နေသော ထိုတရားတော်ကား မြင့်မြတ်လှပေစွ။

ထိုတရားတော်သည်သာလျှင်၊
လူသားတို့ ပြင်းပြစွာ တောင့်တနေသော ငြိမ်းချမ်းရေးကို ပေးနိုင်စွမ်းမည် မဟုတ်ပါလော။

ထို့ကြောင့်၊
သင်ရှိနေရာ ပတ်ဝန်းကျင်၌၊ သင်ယုံကြည်ကိုးကွယ်ရာ ကားတိုင်တော်အရှင်၏ငြိမ်းချမ်းရေး
တရားတော်ကို အမြဲတစေ ကျင့်သုံး လေ့လာ ဟောပြောပါလော့။

ဤသို့လျှင်၊
သင် .. ယုံကြည်ကိုးကွယ် အထွတ်အမြတ်ထားသည့် ကားတိုင်တော်၏
လင်းရောင်ခြည်သည် ဘဝဂ်အထိ ကွန့်မြူးလျက်၊
မြေကြီးပေါ်၌ ငြိမ်သက်ခြင်း ရှိစေအံ့သတည်း။ ။

တက္ကသိုလ်–ညိုဝင်း

## 2024 July, Sunday Worship Programs

**July 2024**

| Su | Mo | Tu | We | Th | Fr | Sa |
|---|---|---|---|---|---|---|
| | 1 | 2 | 3 | 4 | 5 | 6 |
| 7 | 8 | 9 | 10 | 11 | 12 | 13 |
| 14 | 15 | 16 | 17 | 18 | 19 | 20 |
| 21 | 22 | 23 | 24 | 25 | 26 | 27 |
| 28 | 29 | 30 | 31 | | | |
| | | | | | | |

***July 7, 2024 … Holy Communion***

***July 14, 2024 … Regular Worship Service***

***July 21, 2024 … Graduate's Sunday Worship Service***

***July 28, 2024 … Youth Sunday Worship Service***

***Guest Speaker: Pastor William Saw (AJMBC)***

---


***Worship Place***

*Burmese Christian Fellowship*
*1337 Farmstead Ave.*
*La Puente, CA 91745*

***Worship Service***

*Sunday Worship (Sunday) 2:00 PM*
*Sunday School (Sunday) 2:15 PM*

*Bible Study …. Sunday 1:00-2:00 PM*
*Prayer Meeting …. Every Saturday, 2:00 PM*




>>>>>>>

# 2024 BCANA Conference Flyer

The Annual Burmese Christian Association of North America's 2024 conference was set to hold in Los Angeles, California as follow.

The main theme for this year is

**"TOWARDS DEEP WATERS ရေနက်ရာသို့"**

(Luke 5:4 & Isaiah 43:2)

**Date:** Thursday, July 11 to Sunday July 14

**Meeting Place:** First Baptist Church of Redlands

**Address:** 51 W. Olive Avenue, Redlands, California 92373.

**Registration Fee:** $75 per person. Includes 6 meals & a conference T-shirt

**Conference Hotel:** Hilton Garden Inn, San Bernardino, 1755 S, Waterman Avenue, San Bernardino, CA 92408. Both rooms with one king bed or 2 double queen beds including full hot breakfast buffet, and parking is $135 per night plus tax.

**Conference Hotel:** Double Tree by Hilton San Bernardino, 285 E, Hospital Lane, San Bernardino, CA 92408. Room with one king size bed or 2 double queen beds including full hot breakfast buffet, and parking is $149 per night plus tax.

** Details on reservation will be published in the registration form.

***How Can Christian Youth Find Happiness In Their Life?***

*Many people believe that money, fame or beauty will make them happy. Hence,they purchase such things: only to find that happiness eludes them.*

***What the Bible teaches us:***

*People who want to get rich fall into temptation and a trap and into many foolish and harmful desires that plunge men into ruin and destruction. (1Timothy.6:7)*

*Jesus Christ identified the key to happiness when he said sermon on the mountain.*

*"Happy are those conscious of their spiritual need." (Matthew.5:3)*

*True happiness can be found only if we take steps to fill our greatest need-our hunger for spiritual truth about God and his purpose for us. The truth is found in the Bible. Knowing that truth can help us to decision what is really important and what is not. To allowing the Bible truth to guide our decisions and actions lead to a more meaningful life.*

*The scripture for blessed or happiness is you can find in Luke 11:28.*

*"Blessed rather are those who hear the word of God and obey it."*

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

*What are The spiritual growth or spiritual developement?*

*Spiritual growth is a combination of ..*

- *inspiration,*
- *knowledge,*
- *inner reflection and*
- *outward action.*

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

# လူငယ်မောင်မယ်များခွန်အားယူရန်ကျင့်ဝတ်

John သည် အအေးခန်း သိုလှောင်ရုံ တစ်ခုတွင် အလုပ်လုပ်ပါသည်။

တစ်နေ့သောအခါ၊ သူ၏တစ်နေ့တာ အလုပ်တာဝန်ပြီးစီး၍၊ တစ်စုံတရာကို စစ်ဆေးဖို့ အအေးခန်း **(freezer)** ထဲသို့ ဝင်သွားရာ၊ ထိုစဉ် တစ်ဦးတစ်ယောက်က အပြင်ဘက်မှ တံခါးကို ပိတ်လိုက်သဖြင့် သူသည် ကံဆိုး **(bad luck)** ၍၊ ထိုအခန်းထဲ၌ မည်သူမျှ မသိမမြင်ဘဲ ပိတ်မိနေလေ၏။

သို့ပေမဲ့လည်း John သည် အစွမ်းရှိသရွေ့ အသံကုန်အော်ဟစ်၍၊ တံခါးကို တဒုံးဒုံး ထုနေသော် လည်း မည်သူမျှ မကြားနိုင်ပါ။ အလုပ်သမားအများစုက ပြန်သွားကြပြီ။ အအေးခန်း **(freezer)** ၏ အပြင်ဘက်တွင် အလုပ်သမားများရှိနေခဲ့လျှင်လည်း သူအော်ဟစ်၍ အကူအညီ တောင်းသံကို ကြားရန် မဖြစ်နိုင်သောကြောင့် အခန်းတွင်းမှာ ဘာဖြစ်နေသလဲ ဆိုတာကို မည်သူမျှမသိနိုင်ပါ။

ငါးနာရီကြာသော်၊ John သည် သေလုနီးနီး ဖြစ်နေ၏။ ထိုအချိန်တွင် စက်ရုံ၏လုံခြုံရေး တာဝန်ခံသည် တံခါးသော့ကို ဖွင့်၍ နောက်ဆုံးမှာ သူ့ကို ကယ်တင်ခဲ့ပါသည်။ ထိုနောက် John သည် လုံခြုံရေးတာဝန်ခံအား " မင်းရဲ့ အလုပ်တာဝန် မဟုတ်ဘဲ ဘာကြောင့် ဒီဘက်ကိုလာပြီး၊ လုပ်ရသလဲ" လို့မေးလိုက်ပါသည်။

ထိုသူက ပြန်ပြောသည်မှာ " ငါ ဒီစက်ရုံမှာ အလုပ်လုပ်နေတာ ၃၅ နှစ်ရှိပြီ။ နေ့စဉ် နေ့တိုင်း ဒီစက်ရုံကို ဝင်ထွက် သွားလာနေတဲ့ ရာပေါင်းများစွာသော အလုပ်သမားတွေ အထဲမှာ ရှားရှားပါးပါး ငါ့ကို နံနက်တိုင်းမှာ မင်္ဂလာနံနက်ခင်းပါလို့ နှုတ်ခွန်းဆက်တဲ့ လူနည်းစုလေးထဲမှာ မင်းတစ်ယောက် အပါအဝင်ဘဲ။ ညနေခင်း အလုပ်ဆင်းချိန်မှာလည်း မင်းက ငါ့ကို ဂွတ်ဘိုင်လို့ နှုတ်ဆက်ပြီးမှ အလုပ်ရုံက ထွက်ခွါသွားတယ်။ ကျန်တဲ့လူအများကတော့ ငါ့ကို ရှိတယ်လို့တောင် မထင်ကြပါဘူး။

ဒီနေ့လည်း ယခင်အတိုင်းဘဲ မင်းလုပ်နေကျ ဟဲလို! နှုတ်ဆက်ပြီး၊ အဝင်တံခါးပေါက်က အလုပ်ရုံဆီကို မင်းလျှောက်သွားတယ်။ ဒါပေမဲ့ ထူးဆန်းစွာ ဒီနေ့ အလုပ်ဆင်းချိန်မှာတော့ မင်းရဲ့ ဂွတ်ဘိုင်! မနက်ဖန်မှာပြန်တွေ့ကြမယ် ဆိုတဲ့ စကားအသံ မကြားမိဘူး ဆိုတာကို သတိထားပြီး၊ ဂရုစိုက်မိတယ်။ အဲဒီကြောင့် စက်ရုံကို တပါတ်လှည့်လည် ကြည့်ဖို့ ချက်ခြင်းဘဲ ဆုံးဖြတ်ချက် ချလိုက်တယ်။ ငါဟာ နေ့စဉ် မင်းရဲ့ နှုတ်ခွန်းဆက်သံကို အမြဲ စောင့်စားကြည့်နေတဲ့ သူတစ်ဦးပါ။ မင်းရဲ့ အိမ်အပြန် နှုတ်ဆက်သံကို မကြားရလေတော့ တစ်စုံတစ်ခု ဖြစ်ပျက်နေမယ်လို့ ငါသိနေတယ်။ ဒါနဲ့ ငါလိုက်ရှာတော့ မင်းကို တွေ့ရတာပါဘဲ ။ "

ဘဝသင်ခန်းစာ။ ။ လူ့ဘဝအသက်တာသည် တိုတောင်းသောကြောင့် သင့်အနီးပတ်လည်ရှိ လူများကို နှိမ့်ချသောစိတ်၊ ချစ်ခြင်းမေတ္တာနှင့် ရိုသေစွာ ပြုမူဆက်ဆံပါ။ အထူးသဖြင့် နေ့စဉ် သင်နှင့် တွေ့ဆုံ ဆက်ဆံနေရသောသူများအပေါ် မတရား မပြုလုပ်ပါနှင့်။ ကောင်းမှုပြုပါ။ ❑ ❑

# Love & Justice

---

မကြာသေးမီက ယာဉ်စည်းကမ်းဖေါက်ဖျက်မိသည့်အတွက် ဒဏ်ကြေး ရိုက်ခံရ၏။ ပေးရမည့်ဒဏ်ငွေမှာ မနည်းလှပေ။ ဒဏ်ကြေးပေးရန်ကျရောက်လာသည့်အချိန်၌၊ ပေးရမည့်ငွေကို နှမျောမိသည်။ ဤသို့ ဒဏ်ငွေပေးဆောင်မည့်အစား အခြားအသုံးကျမည့်နေရာတွင် သုံးစွဲပါက မည်မျှကောင်းလိမ့်မည်နည်းဟု စဉ်းစားမိပါ၏။ အကယ်၍သာ တစုံတစ်ယောက်သောသူက ဤဒဏ်ငွေကို ဆောင်ပေးလျှင် မည်မျှကောင်းမည်နည်းဟုလည်း တွေးမိသည်။

ထိုအချိန်တွင် ခေါင်းထဲဝင်လာသည့် အတွေးက၊ မိမိသိလျှက်နှင့်သော်၎င်း၊ မသိ၍သော်၎င်း၊ အမှုမဲ့အမှတ်မဲ့သော်၎င်း၊ မတော်တဆသော်၎င်း၊ မိမိကျူးလွန်၊ ဖေါက်ဖျက်၊ ပြုမှားမိခဲ့သည့်အပြစ် အကြိမ်ပေါင်းများစွာအတွက် အပြစ်ဒဏ်ကို မိမိကိုယ်တိုင်ခံယူရမည့်အစား၊ သခင်ယေရှုက အပြစ်သား၏ကိုယ်စား ကားတိုင်ပေါ်တွင် သူ၏အသက်သွေးကိုသွန်းလောင်းကာပေးဆပ်ခဲ့ခြင်းဖြင့် အပြစ်ဒဏ်ကြေးမှ လွတ်ကင်းခဲ့ရပါသည်။

သမ္မာကျမ်းစာ၌ ဖေါ်ပြသည်မှာ၊ ကမ္ဘာပေါ်ရှိ နေထိုင်သူများ လူသားအားလုံးသည် ကမ္ဘာဦးမှစ၍ ကမ္ဘာဆုံးသည်အထိ ဒုစရိုက်ကို ကျူးလွန်သူ အပြစ်သားများဖြစ်သည်။ (ဟေရှာယအနာဂတ္တိကျမ်း၊ ၆၄ း ၆။ ရောမဩဝါဒစာ။ ၃း၉၊ ၃း၂၃ ၊ ၅း၁၂)

အပြစ်ကျူးလွန်မိသည့်အတွက် အပြစ်ဒဏ်ခံထိုက်သည်။ သို့ရာတွင်၊ ကျွန်ုပ်တို့ကိုယ်စားဝင်ရောက်၍၊ အပြစ်ပေးဒဏ်ကို ခံသွားသူက သခင်ယေရှု ခရစ်တော်ပင် ဖြစ်သည်။ Roman 3:25 – Christ as the sacrifice for sin.

ပထမအချက် စောဒကတက်ဖို့က၊– ဖန်ဆင်းရှင်ဘုရားသခင်က (Genesis 1:1) အပြစ်ရှိသူ လူသားအားလုံးကို လွတ်ငြိမ်းခွင့်ပေးလျက် အပြစ်များကို လျစ်လျူရှုလိုက်လို့ မတရားဘူးလား?။

အပြစ်ကျူးလွန်သူတိုင်း ပြစ်ဒဏ်ခံထိုက်သည်။ ပြစ်မှုထင်ရှားလျှက် အပြစ်ဒဏ်ခံရမည့်တရားခံအား အပြစ်မှလွတ်ပေးလျှင်၊ ပြစ်ဒဏ်စီရင်သူ တရားသူကြီးသည် မှန်ကန်မှုမရှိ။ တရားမျှတမှု မရှိချေ။

ဘုရားသခင်သည် ဖြောင့်မတ်မှန်ကန်သော ဘုရားဖြစ်၏။ (Roman 3:26) တွင်၊ ဘုရားသခင်သည် လွန်ခဲ့ပြီးသော ဒုစရိုက်အပြစ်များကို မှတ်တော် မမူရာတွင်၊ ဖြောင့်မတ်ခြင်းတရားတော်ကိုထင်ရှားစေခြင်းငှါ၎င်း၊ ယခုကာလ၌ ဖြောင့်မတ်ခြင်းတရားတော်ကို ထင်ရှားစေ၍၊ ယေရှုခရစ်ကို ယုံကြည်စေသော သူတို့၏ အပြစ်ကို လွှတ်တော်မူသော်လည်း၊ တရားသဖြင့်ပြုတော်မူခြင်းငှါ၎င်း၊ ယေရှုခရစ်၏အသွေးတော်ကို ယုံကြည်ခြင်းအားဖြင့်၊ ထိုခရစ်တော်ကို အပြစ်ဖြေစရာအကြောင်း ဖြစ်စေခြင်းငှါ ခန့်ထားတော်မူပြီ ဟုဖေါ်ပြထား၏။

ဒုတိယအချက်ကား၊ သခင်ယေရှုက အပြစ်သားများအားလုံးအတွက် ကားတိုင်ပေါ်တွင် အသေခံသဖြင့် အပြစ်ရှိ လူသားတစ်ယောက်က မိမိအပြစ် လွှတ်မြောက်ရန် အတွက် ကိုယ်တိုင် အသေခံလျှင် မရသလော?။

လူသားတစ်ဦးသည် မွေးစကပင် အပြစ်ပါလျက်ရှိပါ၏။ အမိဝမ်းထဲမှာ ပဋိသန္ဓေယူစဉ်ပင် အပြစ်စွဲပါကြောင်းကို ဆာလံကျမ်း ၅၁ း ၅ အရ၊ သိရှိရပါ၏။ အပြစ်ရှိသူ အပြစ်သားတစ်ဦးသည် ပြစ်ဒဏ်ကိုသာ ခံထိုက်၍ မိမိကိုမိမိ မည်သို့မျှ မကယ်တင်နိုင်ချေ။ ကြိုးစားသော်ကား အချည်းနှီးသက်သက်ပင် ဖြစ်သည်။

ထို့အပြင်၊ ကမ္ဘာပေါ်ရှိ လူသားအယောက်စီအတွက် အသေခံသွားသော ယေရှုခရစ်၌ အပြစ်အနာအဆာမရှိ။ လုံးဝအပြစ်ကင်းစင်ကြောင်း သမ္မာကျမ်းစာက ဖေါ်ပြထား၏။

အဘယ်အပြစ်မျှမရှိ၊ အညစ်အကြေးနှင့်ကင်းစင်သော သိုးသငယ်ကဲ့သို့သော ခရစ်တော်၏အသွေးတော်မြတ်နှင့် ရွေးတော်မူသည်ကိုသိမှတ်ကြလော့။ ၁ပေ၊၁း၁၉။

ဘုရားသခင်၏ သားတော်ယေရှုသည် ငါတို့ခံရသော ဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ်။ ငါတို့ခံရသည်နည်းတူ၊ အမျိုးမျိုးသောစုံစမ်းနှောင့်ရှက်ခြင်းတို့ကို ခံဘူးသောသူဖြစ်တော်မူ၏။ သို့ရာတွင်၊ ဒုစရိုက်အပြစ်နှင့် ကင်းလွတ်တော်မူ၏။ ဟေဗြဲ၄း၁၅။

ထိုအကြောင်းအရာက ဖေါ်ပြသည်မှာ အပြစ်ရှိသူအတွက် အပြစ်မဲ့သူသာလျှင် ရွေးနှုတ် ကယ်ယူနိုင်သည်။

အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့် ကင်းစင်သောသူကို ငါတို့ အတွက်ကြောင့် အပြစ်ရှိသောသူ ဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူ ဖြစ်မည်အကြောင်းတည်း။ (2 Cor. 5:21)

အထက်ဖေါ်ပြပါအချက်များအရ၊–

မိမိကိုယ်ကို မိမိမကယ်တင်နိုင်သူ အပြစ်သား/အပြစ်ရှိလူသားများ အတွက် မည်သို့အကြောင်းကြောင့် ခရစ်တော်က အပြစ်မရှိ/အပြစ်ကင်းလျက်ပင် ကိုယ်တိုင်ကိုယ်စားဝင်ရောက်၍ အသေခံသွားသနည်း?။

အဖြေကား၊– ကမ္ဘာလူသားများ အပေါ်ထားရှိသည့် ချစ်ခြင်းမေတ္တာကြောင့်ပင် ဖြစ်သည်။ ၁ပေ၊၄း၇–၁၀။ ရောမ၊၅း၈။ တိတု၊၃း၅။ 1Peter 4:7-10, Romans 5:8, Titus 3:5

မိမိကိုယ်စားအသေခံခဲ၊ အပြစ်ကျွေးအတွက် ပေးဆပ်သွားသော ကြီးမားသည့် ချစ်ခြင်းမေတ္တာတော်ကို ဝမ်းမြောက်ဝမ်းသာစွာ လက်ခံယုံကြည်၍၊ ကျေးဇူးတင်လို့မဆုံး ဖြစ်မိပါသည်။ ။

++++++++++++++++++++++++++++++++++